# အင်ဒိုနီးရှားနိုင်ငံဆိုင်ရာအချက်အလက်များ

၁။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနှင့်အိန္ဒိယသမုဒ္ဒရာကြားတွင် တည်ရှိသည်။ ကမ္ဘာ့အကြီးဆုံးကျွန်း နိုင်ငံဖြစ်ပြီး ကျွန်းပေါင်း (၁၃၀၀၀) ကျော်ဖြင့်ဖွဲ့စည်းထားပါသည်။ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ကာ အစ္စလာမ်ဘာသာကိုးကွယ်သူ အများဆုံးနိုင်ငံလည်းဖြစ်သည်။ ဂျာဗားကျွန်းသည် လူဦးရေအများဆုံးကျွန်းဖြစ်ပြီး နိုင်ငံလူဦးရေ၏ထက်ဝက်ခန့်သည် ဂျာဗားကျွန်းတွင် နေထိုင်ကြသည်။




## သမိုင်းကြောင်း[1]

၂။ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် တူးဖော်ရရှိသော ရှေးလက်နက်ကိရိယာ အထောက်အထားများအရ အင်ဒိုနီးရှားကျွန်းစုတွင် ရှေးဦးအခြေချနေထိုင်ခဲ့ကြသူ

[1] https://en.wikipedia.org/wiki/Indonesia

များမှာ Homo Erectus ဟု သတ်မှတ်ထားသည့် ရှေးဟောင်းဂျာဗားလူများ စတင် အခြေချနေထိုင်ခဲ့ကြပါသည်။ ၄င်းတို့သည် လွန်ခဲ့သော ၄၅,၀၀၀ ခန့်မှစတင်ကာ အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်သည်။ ၇ ရာစုတွင် သီရိဝိဇယနိုင်ငံတည်ထောင်ကာ အင်အားကြီးမားလာပြီး ဗုဒ္ဓဘာသာနှင့် ဟိန္ဒူအယူဝါဒလွှမ်းမိုးလာသည်။ ထိုခေတ် ကာလတွင် ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော ဘောရောဗုဒုစေတီကြီးကို တည်ထားခဲ့ကြ သည်။

၃။ ၁၀ ရာစုအစောပိုင်းကာလတွင် မြို့တော်အားဂျာဗားကျွန်းအလယ်ပိုင်းမှ အရှေ့ ပိုင်းသို့ပြောင်းရွှေ့အခြေစိုက်ခဲ့ပြီး Isyana မင်းဆက်ကိုထူထောင်ခဲ့သည်။ ၁၃ ရာစုတွင် အာရပ်ကုန်သည်များ အရှေ့တောင်အာရှသို့စတင်ရောက်ရှိလာခြင်းနှင့်အတူ အစ္စလာမ် အယူဝါဒသည် စတင်ပျံ့နှံ့လာခဲ့ပြီး ၁၆ ရာစုတွင် ဆူမတ်တြားကျွန်းနှင့် ဂျာဗားကျွန်း များသည် အစ္စလာမ်ဘာသာကိုးကွယ်သည့်ဒေသများဖြစ်လာခဲ့သည်။

၄။ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်တို့၏ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီသည် အင်ဒိုနီးရှား အား စတင်လွှမ်းမိုးလာခဲ့သည်။ ၁၈၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားကျွန်းစုသည် ဒတ်ချ် တို့အုပ်ချုပ်မှုအောက်သို့ကျရောက်ခဲ့ရသည်။ ၂၀ရာစုအစောပိုင်းကာလများတွင် ဒတ်ချ် တို့သည် အင်ဒိုနီးရှားကျွန်းစုအား လက်ရှိအကျယ်အဝန်းအထိရရှိအောင် ချဲ့ထွင်ခဲ့ သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ဝင်ရောက်သိမ်းပိုက်မှုနှင့်အတူ ဒတ်ချ်တို့၏ အုပ်ချုပ်မှုအဆုံးသတ်ခဲ့သည်။ ဂျပန်အုပ်ချုပ်မှုကာလအတွင်း အင်ဒိုနီးရှားပြည်သူ (၄) သန်းခန့်သေဆုံးခဲ့သည်။ ၁၉၄၅ခုနှစ်၊ ဩဂုတ်လအတွင်း ဂျပန်တို့လက်နက်ချပြီး နောက် အမျိုးသားခေါင်းဆောင်ဆူကာနိုသည် အင်ဒိုနီးရှားနိုင်ငံအား လွတ်လပ်ရေး ကြေညာခဲ့ကာ ပထမဆုံးသမ္မတဖြစ်လာခဲ့သည်။ ဒတ်ချ်တို့သည် ၄င်းတို့၏အုပ်ချုပ်မှု အား ပြန်လည်အသက်သွင်းရန်ကြိုးပမ်းခဲ့ရာ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပေါ် လာခဲ့သည်။ ၁၉၄၉ခုနှစ်၊ ဒီဇင်ဘာတွင် နိုင်ငံတကာဖိအားများကြောင့် ဒတ်ချ်တို့သည် အင်ဒိုနီးရှားလွတ်လပ်ရေးအား အသိအမှတ်ပြုခဲ့ရသည်။

၅။ ဆူကာနိုသည် ၄င်း၏အုပ်ချုပ်မှုကိုတည်ဆောက်ရန်အတွက် စစ်ဘက်နှင့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီ(PKI)တို့နှစ်ဘက်အပေါ် နိုင်ငံရေးအရကစားခဲ့သည်။ ၁၉၆၅ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကွန်မြူနစ်တို့၏အာဏာသိမ်းမှုဖြစ်ပေါ်

လာခဲ့ပြီးနောက် စစ်တပ်သည် အာဏာသိမ်းမှုအားထိန်းချုပ်နိုင်ခဲ့သည်။ အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်ခေါင်းဆောင်ဗိုလ်ချုပ်ကြီးဆူဟာတိုသည် ကွန်မြူနစ်နှိမ်နင်းရေးကို အပြင်းအထန်ဆောင်ရွက်ခဲ့သည်။ အကြီးအကျယ်သတ်ဖြတ်မှုများပြုလုပ်ခဲ့ပြီး ဆူဟာတို၏ ကွန်မြူနစ်နှိမ်နင်းရေးအတွင်း လက်ဝဲဝါဒီအင်ဒိုနီးရှားနှင့် တရုတ်လူမျိုးများ တရုတ်ကပြား(၅)သိန်းမှ(၁)သန်းကြား သတ်ဖြတ်ခြင်းခံခဲ့ရသည်။




သမ္မတဆူကာနိုနှင့် ဗိုလ်ချုပ်ကြီးဆူဟာတို

၆။ ထိုဖြစ်ရပ်များနောက်ပိုင်း သမ္မတဆူကာနို၏ နိုင်ငံရေးဩဇာကျဆင်းလာပြီး ၁၉၆၈ခုနှစ်၊ မတ်လတွင် ကွန်မြူနစ်ဆန့်ကျင်ရေးသမား စစ်ခေါင်းဆောင်ဗိုလ်ချုပ်ကြီးဆူဟာတိုသည် အမေရိကန်၏ထောက်ခံမှုနှင့်အတူ သမ္မတဖြစ်လာခဲ့သည်။ ၁၉၉၇ အာရှစီးပွားရေးအကြပ်အတည်းကြောင့် အင်ဒိုနီးရှားသည်အထိနာခဲ့သည်။ နိုင်ငံတွင်းမငြိမ်မသက်မှုများ ပေါ်ပေါက်လာပြီး ၁၉၉၈ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် နိုင်ငံအား ကာလရှည်ကြာစွာအုပ်ချုပ်ခဲ့သော သမ္မတဆူဟာတို နုတ်ထွက်ခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် အရှေ့တီမောသည်အင်ဒိုနီးရှားမှခွဲထွက်ခဲ့သည်။

## အစိုးရနှင့်နိုင်ငံရေး

၇။ အင်ဒိုနီးရှားနိုင်ငံသည် သမ္မတနိုင်ငံဖြစ်သည်။ ၁၉၉၈ခုနှစ်တွင် သမ္မတဆူဟာတို နှုတ်ထွက်ပြီးနောက် နိုင်ငံရေးစနစ်နှင့်အုပ်ချုပ်ရေးစနစ်များအား ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့သည်။ အင်ဒိုနီးရှား ၁၉၄၅ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ချက်(၄)ချက်ဖြင့်ပြင်ဆင်ခဲ့သည်။ အခြေခံဥပဒေအရ သမ္မတသည် နိုင်ငံနှင့်အစိုးရအဖွဲ့၏အကြီးအကဲဖြစ်သည်။ သမ္မတသည် ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ သမ္မတသည် ဝန်ကြီးအဖွဲ့အား တိုက်ရိုက်ခန့်အပ်သည်။ လက်ရှိသမ္မတမှာ ဂျိုကိုဝီဒိုဒို ဖြစ်သည်။

၈။ နိုင်ငံတော်အဆင့်တွင် အမြင့်ဆုံးတာဝန်ခံအဖွဲ့အစည်းမှာ Majelis Permusyawaratan Rakyat ဟုခေါ်သော ပြည်သူ့အတိုင်ပင်ခံလွှတ်တော်ဖြစ်သည်။ MPR သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း၊ ကာကွယ်ခြင်း၊ နိုင်ငံတော်၏မူဝါဒများချမှတ်ရာတွင် လမ်းစဉ်ချမှတ်ပေးခြင်းများဆောင်ရွက်သည်။ MPR အားလွှတ်တော်(၂)ရပ်ဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့အတိုင်ပင်ခံလွှတ်တော်နှင့် ဒေသဆိုင်ရာအတိုင်ပင်ခံလွှတ်တော်တို့ဖြစ်သည်။ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်အား ကိုယ်စားလှယ်(၅၆၀)ဖြင့် ဖွဲ့စည်းထားပြီးဒေသဆိုင်ရာအတိုင်ပင်ခံလွှတ်တော်အား ကိုယ်စားလှယ် (၁၃၂)ဦးဖြင့်ဖွဲ့စည်းထားသည်။ ကိုယ်စားလှယ်အားလုံးအား (၅)နှစ်တစ်ကြိမ်အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြောက်သည်။ ၁၉၉၉ခုနှစ်မှစတင်ကာ ပါတီစုံစနစ်စတင်ကျင့်သုံးခဲ့ပြီး နိုင်ငံအတွင်း အကြီးမားဆုံးပါတီ(၂)ခုမှာ Indonesia Democratic Party of Struggle နှင့် The Great Indonesia Movement Party တို့ဖြစ်သည်။

## စီးပွားရေး

၉။ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်နှင့်နိုင်ငံပိုင်အခန်းကဏ္ဍဟူ၍ (၂)ပိုင်းခွဲခြားထားပါသည်။ အရှေ့တောင်အာရှဒေသတွင်း အကြီးမားဆုံးစီးပွားရေးဈေးကွက်အားပိုင်ဆိုင်ထားပြီး G-20 အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် GDP တန်ဖိုးအမေရိကန်ဒေါ်လာ ၈၈၇ ဘီလီယံရှိခဲ့ကာ ၄င်းပမာဏသည် ကမ္ဘာတွင် (၁၆) နိုင်ငံ

မြောက်အမြင့်မားဆုံးပမာဏဖြစ်သည်။ တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၀,၆၅၁ ဖြစ်သည်။

၁၀။ စက်မှုလုပ်ငန်းသည် နိုင်ငံ၏အကြီးမားဆုံးသော စီးပွားရေးအစိတ်အပိုင်းဖြစ်ပြီး GDP ၄၆.၄%ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် ၃၈.၆%နှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ၁၄.၄ ရာခိုင်နှုန်းဖြစ်သည်။ လုပ်သားအင်အား၏ ၄၇.၉% သည်ဝန်ဆောင်မှုလုပ်ငန်းများတွင်လုပ်ကိုင်လျှက်ရှိပြီး ၊ စိုက်ပျိုးရေးတွင် ၃၈.၉%နှင့် စက်မှုလုပ်ငန်းများတွင် ၁၃,၂ %ဖြစ်သည်။

၁၁။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာတွင် (၂၇)နိုင်ငံမြောက် ပြည်ပပို့ကုန်အများဆုံးတင်ပို့သောနိုင်ငံဖြစ်သည်။ အဓိကတင်ပို့သောနိုင်ငံများမှာ ဂျပန်(၁၇.၂၈%)၊ စင်ကာပူ(၁၁.၂၉%)၊ အမေရိကန်(၁၀.၈၁%)နှင့် တရုတ်(၇.၆၂%)တို့ဖြစ်သည်။ သွင်းကုန်တင်သွင်းသောနိုင်ငံများမှာ စင်ကာပူ(၂၄.၉၆%)၊ တရုတ်(၁၂.၅၂%)နှင့် ဂျပန်(၈.၉၂%)တို့ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ သံ၊ ကြေးနီနှင့်ရွှေစသော သယံဇာတများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ပြည်ပသွင်းကုန်များမှာ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဓာတုဗေဒပစ္စည်းများ၊ စက်သုံးဆီ၊ စားသောက်ကုန်များဖြစ်ပြီး ပြည်ပပို့ကုန်များမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ပစ္စည်းများ၊ အထပ်သား၊ ရာဘာနှင့်အထည်အလိပ်တို့ဖြစ် သည်။

၁၂။ စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံအတွက် အရေးကြီးသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့ပေါ်တွင် စားအုန်းဆီထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့စားအုန်းဆီဈေးကွက်၏တစ်ဝက်ခန့်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင်ဆီအုန်းစိုက် ဧရိယာဟက်တာ (၆)သန်းအထိတိုးချဲ့ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ (၁၀.၁)ဘီလီယံအထိရရှိခဲ့ပြီး အများဆုံးလာရောက်လည်ပတ်သည့်ခရီးသည်များမှာ စင်ကာပူ၊မလေးရှား၊ ဩစတြေးလျ၊ တရုတ်နှင့်ဂျပန်တို့မှဖြစ်သည်။ ၂၀၁၄ခုနှစ်စာရင်းများအရ လူဦးရေ၏ ၁၁%သည် ဆင်းရဲမွဲတေမှုနှုန်းတွင်ရောက်ရှိနေပြီး အလုပ်လက်မဲ့နှုန်းမှာ ၅.၉% ဖြစ်သည်။

## လူဦးရေနှင့်လူမျိုးများ

၁၃။ အင်ဒိုနီးရှားနိုင်ငံတွင် လူမျိုးစု ၃၀၀ ခန့်ရှိပြီး ဘာသာစကားကွဲပေါင်း ၇၄၂ မျိုးရှိသည်။ အင်ဒိုနီးရှားအများစုသည် Austronesia စကားပြောလူမျိုးစုများဖြစ်သည်။ အခြားအဓိကလူမျိုးအုပ်စုမှာ Melanesianလူမျိုးများဖြစ်သည်။ နိုင်ငံ၏လူဦးရေအများဆုံးမှာ Javanese လူမျိုးများဖြစ်ကာ လူဦးရေ၏ ၄၂ ရာခိုင်နှုန်းခန့်ရှိပါသည်။ Javaneseမဟုတ်သော အခြားလူမျိုးလူစုများမှာ Sundanese Malays နှင့် Madures လူမျိုးများဖြစ်သည်။ တရုတ်-အင်ဒိုနီးရှားကပြားများသည် နိုင်ငံလူဦးရေ၏ ၃-၄ရာခိုင်နှုန်းအထိရှိပါသည်။

၁၄။ ဘာသာရေးတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပြီး အစ္စလာမ်၊ ပရိုတက်စတင့်၊ ရိုမန်ကတ်သိုလစ်၊ ဟိန္ဒူ ၊ ဗုဒ္ဓဘာသာနှင့် ကွန်ဖြူးရှပ်တို့သည် နိုင်ငံတွင်းအသိအမှတ်ပြုထားသောဘာသာများဖြစ်သည်။ ဘာသာအလိုက်ကိုးကွယ်မှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) အစ္စလာမ် | - | ၈၇.၂% |
| (ခ) ပရိုတက်စတင့် | - | ၇% |
| (ဂ) ကတ်သိုလစ် | - | ၂.၉% |
| (ဃ) ဟိန္ဒူ | - | ၁.၆% |
| (င) ဗုဒ္ဓဘာသာ | - | ၀.၇၂% |
| (စ) ကွန်ဖြူးရှပ် | - | ၀.၀၅% |
| (ဆ) အခြား | - | ၀.၅% |

၁၅။ အချို့ဒေသခံရှေးဟောင်းလူမျိုးစုများသည် တိရစ္ဆာန်ကိုးကွယ်မှု၊ နတ်ကိုးကွယ်မှုများအား ယနေ့တိုင်ယုံကြည်နေကြဆဲဖြစ်ပါသည်။ ၄င်းကိုးကွယ်မှုများအား ကာလီမန်တန်၊ ဆူလာဝေစီနှင့်ပါပူအာတို့တွင် အများဆုံးတွေ့ရှိရပါသည်။

## အင်ဒိုနီးရှား-မြန်မာဆက်ဆံရေး[2]

၁၆။ မြန်မာနှင့်အင်ဒိုနီးရှားဆက်ဆံရေးသည် ၁၄ ရာစု နာဂါရာခရီတဂါမ ဘုရင်လက်ထက်ကတည်းက ဆက်ဆံမှုများရှိခဲ့ကြောင်းသိရှိရပါသည်။ အင်ဒိုနီးရှား လွတ်လပ်ရေးကြိုးပမ်းမှုတွင် မြန်မာတို့အနေဖြင့် ကူညီထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရခါနီး မြန်မာအစိုးရအနေဖြင့် ဒေလီမြို့တွင် ကျင်းပသော အာရှဆက်ဆံရေးညီလာခံတွင် ဒတ်ချ်တို့၏အင်ဒိုနီးရှားအပေါ် ဖိနှိပ်မှုအားရပ်တန့်ရန်နှင့် အင်ဒိုနီးရှား၏လွတ်လပ်ရေးကြိုးပမ်းမှုအား ထောက်ခံကြောင်း အဆိုပြုခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှား ဂါရူးဒါးလေကြောင်းလိုင်းပိုင် ဒါကိုတာလေယာဉ်များအား ရန်ကုန်မြို့တွင်အခြေစိုက်ခွင့်ပြုခဲ့သည်။ ၁၉၄၉ခုနှစ်တွင် ရန်ကုန်မြို့၌ နှစ်နိုင်ငံဆက်ဆံရေးအထိမ်းအမှတ်အဖြစ် Indonesia House အားဖွင့်လှစ်ခဲ့သည်။ ၁၉၅၀ တွင် အဆိုပါအဆောက်အဦအား မြန်မာနိုင်ငံဆိုင်ရာအင်ဒိုနီးရှားသံရုံးအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ထိုအချိန်က အင်ဒိုနီးရှားသမ္မတဆူကာနိုသည် မြန်မာတို့အနေဖြင့် အင်ဒိုနီးရှားတို့၏လွတ်လပ်ရေးတိုက်ပွဲအတွက် စစ်မှန်သောရဲဘော်ရဲဘက်များဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၁၇။ နိုင်ငံအဆင့်မြင့်ချစ်ကြည်ရေးခရီးစဉ်များအနေဖြင့် သမ္မတဆူဟာတိုသည် မြန်မာနိုင်ငံသို့ ၁၉၇၂၊ ၁၉၇၄ နှင့် ၁၉၉၇ ခုနှစ်များတွင် ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း ၁၉၇၃ နှင့် ၁၉၇၄ ခုနှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၈၈ နောက်ပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၅၊ ၁၉၉၆ နှင့် ၂၀၀၅ ခုနှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။ အင်ဒိုနီးရှားသမ္မတများဖြစ်သော အဗ္ဗဒူရာမန်ဝါဟစ်၊ မီဂါဝတီဆူကာနိုပူထရီနှင့် ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုတို့သည်လည်း မြန်မာနိုင်ငံသို့ တစ်ကြိမ်စီလာရောက်ခဲ့သည်။

၁၈။ နှစ်နိုင်ငံကြားကုန်သွယ်ရေးအနေဖြင့် အင်ဒိုနီးရှားမှမြန်မာနိုင်ငံသို့ စက္ကူ၊ စားအုန်းဆီ၊ သံမဏိ၊ စတီး၊ ဆေးရွက်ကြီးနှင့်ရာဘာတို့အဓိကတင်သွင်းလျှက်ရှိပြီး မြန်မာနိုင်ငံမှ သစ်၊ပဲ၊ငါး၊ဟင်းသီးဟင်းရွက်များတင်သွင်းလျှက်ရှိပါသည်။ ကုန်သွယ်

---

[2] https://en.wikipedia.org/wiki/Indonesia%E2%80%93Myanmar_relations

မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၅၉)ဘီလီယံအထိရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏အကြီးဆုံးဘိလပ်မြေလုပ်ငန်းဖြစ်သော PT Cement Indonesia သည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း(၂၀၀)တန်ဖိုးရှိ ဘိလပ်မြေစက်ရုံ တည်ဆောက်ထုတ်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း အင်ဒိုနီးရှားသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၃၀,၀၀၀၀ မှာယူခဲ့သည်။

## အင်ဒိုနီးရှားသမ္မတနိုင်ငံ People' s Consultative Assembly၏ Vice Chairman, H.E. Dr.Oesman Sapta[3]



**H.E. Dr.Oesman Sapta** အား ၁၉၅၀ခုနှစ်၊ ဩဂုတ်လ ၁၈ရက်နေ့တွင် Sukadana မြို့တွင် မွေးဖွားခဲ့ပါသည်။ ၁၉၉၉ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ Senior University International မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့(doctor honoris causa)ကို ရရှိခဲ့သည်။ ၎င်းအား OSO ဟုလည်း လူသိများပါသည်။ အောင်မြင်သောစီးပွားရေးသမားဖြစ်ပြီး OSO စီးပွားရေးအုပ်စု၏ဥက္ကဋ္ဌလည်းဖြစ်သည်။ ၂၀၁၀မှ ၂၀၁၅ခုနှစ်အထိ အင်ဒိုနီးရှားတောင်သူလယ်သမားအသင်း၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် International Management Indonesia မှချီးမြှင့်သည့်

[3] http://www.indonesiatatler.com/tatler-list/500list/oesman-sapta-odang

Best Achievement of Indonesia ဆုတံဆိပ်ရရှိခဲ့သည်။ ၂၀၁၄ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ People's Consultative Assemblyရှိ Vice Chairman အဖြစ်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၄င်းသည်အိမ်ထောင်သည်တစ်ဦးဖြစ်ပြီးသားသမီး (၅)ဦးရှိပါသည်။